ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားချက်အမှတ် ၁၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပါ ဆက်နွှယ်သူများအား ချေးငွေထုတ်ချေးခြင်းနှင့်စပ်လျဉ်းသည့် ပုဒ်မ ၆၄ နှင့် ယင်းဥပဒေပုဒ်မ ၁၈၄ တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**အမည်နှင့် သက်ဆိုင်ခြင်း**

၁။ ဤညွှန်ကြားချက်ကို ဆက်နွှယ်သူများဆိုင်ရာ ညွှန်ကြားချက်ဟု ခေါ်တွင်စေရမည်။

၂။ ဤညွှန်ကြားချက်သည် ဘဏ်များအားလုံးနှင့် သက်ဆိုင်စေရမည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃။ (က) **ဘဏ်နှင့်ဆက်နွှယ်သူများ** ဆိုသည်မှာ-

(၁) ဘဏ်တွင် အကျိုးစီးပွားအများအပြားရှိသူ သို့မဟုတ် ဘဏ်တစ်ခုက ပုဂ္ဂိုလ်ထံတွင် သိသာထင်ရှားသော အကျိုးခံစားခွင့်ရှိခြင်း၊

(၂) ဘဏ်၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦး သို့မဟုတ် ဘဏ်ကို ထိန်းချုပ်နိုင်သော စီးပွားရေးလုပ်ငန်းတစ်ခု၊

(၃) အပိုဒ်ခွဲငယ်(၁) နှင့် (၂) တို့ပါ လူပုဂ္ဂိုလ်တစ်ဦး၏ ဆွေမျိုးသားချင်းတစ်ဦးဦး၊

(၄) အပိုဒ်ခွဲငယ် (၁) မှ (၃) ထိ ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်သည့် အဖွဲ့အစည်းတစ်ခုခု၊

(၅) ဘဏ်၌ ယခင် သို့မဟုတ် လက်ရှိကာလတွင် အကျိုးစီးပွားများစွာရှိနေခြင်း သို့မဟုတ် ဘဏ်နှင့်ဆက်နွှယ်ပတ်သက်နေခြင်းတို့ကြောင့် ဆက်နွှယ်နေသူဟု ဗဟိုဘဏ်က သတ်မှတ်ခြင်းခံရသူ။

(ခ) **ဆွေမျိုးသားချင်း** ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ ညီအစ်ကိုမောင်နှမများ၊ ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏ ညီအစ်ကို မောင်နှမများ၊ ထိုသူနှင့် ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏ မိဘ၊ ဘိုးဘွားနှင့် ဆက်ခံသူ သားသမီး၊

မြေးမြစ်များ၊ ၎င်းကိုမှီခိုသူများနှင့် မွေးစားခြင်းကြောင့်ဖြစ်ပေါ်လာသည့် ဆွေမျိုးတော်စပ်သူများကို ဆိုသည်။

(ဂ) **အဓိကကျသည့် အကျိုးစီးပွား** ဆိုသည်မှာ ဗဟိုဘဏ်က သတ်မှတ်သည့်အတိုင်း ငွေရေးကြေးရေးအဖွဲ့အစည်း၏ မတည်ရင်းနှီးငွေ သို့မဟုတ် ဆန္ဒမဲပေးပိုင်ခွင့်ကို ၁၀ ရာခိုင်နှုန်းနှင့်အထက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်မှုကို သော်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲပိုင်ခွင့်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိန်းချုပ်ကွပ်ကဲနိုင်မှုကိုသော်လည်းကောင်း ဆိုသည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါအချက်များကို ဆောင်ရွက်ပိုင်ခွင့်ရှိပါက ဘဏ်၏ စီမံခန့်ခွဲမှုအပေါ် ထိန်းချုပ်ကွပ်ကဲမှုရှိသည်ဟု မှတ်ယူရမည်-

(၁) ဘဏ်၏ ဒါရိုက်တာအများစုအား ခန့်အပ်ပိုင်ခွင့်ရှိသူ၊ သို့မဟုတ်

(၂) ဘဏ်၏ လုပ်ငန်းကိစ္စရပ်များ သို့မဟုတ် စီမံခန့်ခွဲခြင်းကိစ္စရပ်များတွင် ဆုံးဖြတ်ချက်များ ချမှတ်ပိုင်ခွင့်ရှိသူ။

(င) **ဘဏ်နှင့် ဆက်နွယ်သည့်အရာရှိ** ဆိုသောစကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဒုတိယအမှုဆောင်အရာရှိချုပ်များ၊

(၂) ငွေရေးကြေးရေးအရာရှိချုပ်၊

(၃) ဘဏ်တွင် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်သော အခြားပုဂ္ဂိုလ်များ။

(စ) **ရောင်းဝယ်ခြင်းနှင့်ပတ်သက်သည့် ဈေးကွက်စည်းမျဉ်းစည်းကမ်း** ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်၊ နိုင်ငံခြားငွေနှင့် ရွှေတုံးငွေတုံးများအား ပြင်ပဈေးကွက်တွင် ရောင်းဝယ်မှုပြုသည့်အချိန်၌ ရောင်းဝယ်မှုတစ်ခုအတွက် ဈေးကွက်အတွင်း ဖြစ်ပေါ်သည့် စည်းမျဉ်းစည်းကမ်းများကို ခေါ်သည်။

**ဆက်နွယ်သူများနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များ**

၄။ ဘဏ်သည် ဆက်နွယ်သူများ သို့မဟုတ် ဘဏ်၏မဲပေးပိုင်ခွင့် အစုရှယ်ယာ၏ ငါးရာခိုင်နှုန်းထက်ပို၍ ကိုင်ဆောင်ထားသော အစုရှယ်ယာရှင်များအား ငွေထုတ်ချေးခြင်းကိစ္စရပ်တွင် အဆိုပါကိစ္စနှင့်ပတ်သက်သည့် ဒါရိုက်တာမပါဝင်သော ဘဏ်ဒါရိုက်တာအဖွဲ့၏ သုံးပုံနှစ်ပုံ သို့မဟုတ် ယင်းထက်ပိုသော မဲဖြင့်အတည်ပြုခြင်းနှင့် အပေါင်ပစ္စည်းအား အာမခံထားခြင်း၊ ဈေးကွက်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းတို့မှအပ ငွေထုတ်ချေးခြင်း မပြုရ။

၅။ ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ချေးငွေရယူသည့်အချိန်တွင် ဘဏ်၏ဝန်ထမ်းဖြစ်ပြီး အဆိုပါချေးငွေကို ဘဏ်၏ဝန်ထမ်းများခံစားခွင့်ရှိသည့် အစီအစဉ်အရ ထုတ်ချေးခြင်းဖြစ်ပါက အပိုဒ် ၄ ပါ ကန့်သတ်ချက်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၆။ ဘဏ်သည် ဆက်နွယ်သူသို့ ထုတ်ချေးထားသည့် ချေးငွေပမာဏအနက် ချေးငွေပေးဆပ်ရန် ကျန်ရှိပါက အဆိုပါချေးငွေကို လက်ကျန်ရှင်းတမ်းတွင်ဖော်ပြထားသည်ဖြစ်စေ၊ မဖော်ပြထားသည် ဖြစ်စေ ယင်းချေးငွေလက်ကျန်အား ဘဏ်၏ အလွှာ(၁)မတည်ငွေရင်းမှ နုတ်ယူရမည်။

၇။ ဆက်နွယ်သူသို့ ထုတ်ချေးထားသည့် ချေးငွေအားလုံးအား လက်ကျန်ရှင်းတမ်းတွင် ဖော်ပြထားသည်ဖြစ်စေ၊ မဖော်ပြထားသည်ဖြစ်စေ အဆိုပါချေးငွေကို အပြည့်အဝပြန်လည်ပေးဆပ်ပြီး သို့မဟုတ် စာရင်းရှင်းလင်းပြီးသည်အထိ ယင်းဘဏ္ဍာရေးနှစ်နှင့် ဆက်လက်ကျရောက်မည့် ဘဏ္ဍာရေးနှစ်များ၏ ဘဏ္ဍာရေးရှင်းတမ်းများတွင် ဖော်ပြထားရမည်။

**မှတ်တမ်းထားရှိခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ သတ်မှတ်ချက်များ**

၈။ ဒါရိုက်တာအဖွဲ့က အတည်ပြုထားသည့် ဆက်နွယ်သူနှင့်သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်ချက်အားလုံးကို ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းတင်ထားရမည်။

၉။ ဆက်နွယ်သူဖြစ်သောဒါရိုက်တာသည် အဆိုပါဆက်နွယ်သူနှင့်စပ်ဆိုင်သည့် ကိစ္စရပ်အတွက် ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် မဲပေးဆုံးဖြတ်ရာ၌ အဆိုပါအစည်းအဝေးသို့ တက်ရောက်ခြင်း သို့မဟုတ် မဲပေးခြင်း မပြုရ။

၁၀။ ဘဏ်သည် ဆက်နွယ်သူများနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များ နှင့်စပ်လျဉ်း၍ ဘဏ်၏ ကတိတာဝန်များကို ဘဏ်မှအကဲဖြတ်နိုင်ရန်အတွက် လုံလောက်သည့် အထောက်အကူပြု သတင်းအချက်အလက်နှင့် စာရွက်စာတမ်းများကို ရနိုင်သမျှအဆင်သင့်ထားရှိရမည်။

၁၁။ ဘဏ်သည် ဆက်နွယ်သူအားလုံးနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်သွယ်မှုများအားလုံးကို ပြည့်စုံစွာထုတ်ဖော်ကြေညာရမည်ဖြစ်သည့်အပြင် ဘဏ်၏ ဝန်ဆောင်မှုများအတွက် ငွေပေးချေမှုများ၊ ဘဏ်၏ဥပစာ၊ ဝန်ထမ်းရေးရာကိစ္စ သို့မဟုတ် ပစ္စည်းကိရိယာကဲ့သို့သော အထောက်အပံ့ပစ္စည်းများအား အသုံးပြုခြင်းအတွက် ငွေပေးချေမှုများနှင့် ဘဏ်၏ ရရန်ပိုင်ခွင့်များရောင်းချခြင်းအတွက် ငွေပေးချေမှုများ အစရှိသည်တို့ကို ခွဲခြား၍ ပြည့်စုံစွာမှတ်တမ်းထားရှိရမည်။

၁၂။ ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနသို့ ယင်းဌာနမှ သတ်မှတ်သည့်ပုံစံအတိုင်း ဆက်နွယ်သူများနှင့် လုပ်ငန်းဆောင်ရွက်ချက်များအားလုံးကို တစ်လလျှင် တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

**ဆက်နွှယ်သူများနှင့်ပတ်သက်သည့် တည်ရှိဆဲလုပ်ငန်းဆောင်ရွက်မှုများ**

၁၃။ ဘဏ်၏စာရင်းစာအုပ်တွင် ဤညွှန်ကြားချက်အား ချိုးဖောက်ရာရောက်သည့် ဆက်နွှယ်သူများနှင့် လုပ်ငန်းဆောင်ရွက်မှုများရှိပါက ဘဏ်သည် အဆိုပါဆက်နွှယ်သူနှင့် လုပ်ငန်းဆောင်ရွက်မှုများအား မည်သို့ဖြေရှင်းမည်ဆိုသည့် အဆိုပြုတင်ပြချက်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနသို့ စာဖြင့်ရေးသားထားသည့်အစီအစဉ်ဖြင့် ဤညွှန်ကြားချက်အသက်ဝင်သည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း တင်ပြရမည်။

**ညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ခြင်း**

၁၄။ ဤညွှန်ကြားချက်အား လိုက်နာရန်ပျက်ကွက်ခြင်းသည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကို ဖောက်ဖျက်ခြင်းဖြစ်၍ အဆိုပါဥပဒေပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲရေးနည်းလမ်းများဖြင့် အရေးယူခြင်းခံရမည်။

**အကျိုးသက်ရောက်ခြင်း**

၁၅။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစ၍ ချက်ချင်း အကျိုးသက်ရောက်စေရမည်။

(ပုံ)xxxxxxxxxxx
ဥက္ကဋ္ဌ(ကိုယ်စား)
(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)